၁၁၁ ( ( ၉

၁၁၁ . ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

## ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း (Advance Ruling on Classification) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟုခေါ်တွင် စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ် များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုဆိုသည်။

(ခ) **ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက်** ဆိုသည်မှာ ကုန်ပစ္စည်း မရောက်မီ တင်သွင်းမည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ တိကျမှန်ကန်သည့် ကုန်ပစ္စည်း အမျိုးအစားခွဲခြားသည့် ကြိုတင်သတ်မှတ်ချက်ကို ဆိုသည်။

(ဂ) **လျှောက်ထားသူ** ဆိုသည်မှာ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားသူကို ဆိုသည်။

(ဃ) **နယ်မြေအကောက်ခွန်ရုံး** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့ရှိ အကောက်ခွန်ရုံး အဆင့်ဆင့်ကို ဆိုသည်။

## အခန်း(၂)

## လျှောက်ထားခြင်း၊ လက်ခံစိစစ်ခြင်းနှင့် ပြန်ကြားခြင်း

၃။ ကုန်တင်သွင်းသူသည် ကုန်ပစ္စည်းမရောက်မီ တင်သွင်းမည့်ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ တိကျမှန်ကန်သည့်ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကို ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးရန် လျှောက်ထားလိုပါက အကောက်ခွန်ဦးစီးဌာန ( ရုံးချုပ် ) သို့ဖြစ်စေ၊ သက်ဆိုင်ရာနယ်မြေ အကောက်ခွန်ရုံးသို့ဖြစ်စေ လျှောက်ထားနိုင်သည်။

၄။ အပိုဒ်(၃) အရ လျှောက်ထားသည့်အခါ-

(က) အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသော ပူးတွဲပါလျှောက်လွှာပုံစံ (Application Form) မူရင်းနှင့် မိတ္တူကိုတွင် ပြည့်စုံစွာရေးသွင်းပြီး ကုန်ပစ္စည်းမရောက်ရှိမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်ထားရမည်။

(ခ) လျှောက်လွှာကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတဆင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။

(ဂ) လျှောက်လွှာနှင့်အတူ တင်သွင်းပစ္စည်းနမူနာများ၊ ဓါတ်ပုံ ၊ ရုပ်ပုံများ အပါအဝင် အထောက်အထား၊ စာရွက်စာတမ်းများကို ပြည့်စုံစွာတင်ပြရမည်။

(ဃ) စုံစမ်းမေးမြန်းထားသည့်ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်ချက်ကို အများပြည်သူသို့ ထုတ်ဖော်အသိပေးလိုခြင်း ရှိ / မရှိ နှင့် အသိပေးလိုခြင်းမရှိပါက သတင်းအချက်အလက်ထိန်းသိမ်းလိုသည့်ကာလနှင့် ထိန်းသိမ်းလိုသည့် အကြောင်းအရင်းများကို လျှောက်လွှာဖြည့်စွက်ရာတွင် တစ်ပါတည်းထည့်သွင်းဖော်ပြရမည်။ထိန်းသိမ်းလိုသည့်ကာလသည် ရက်ပေါင်း ၁၈၀ ထက်မပိုစေရ။

(င) ကုန်ပစ္စည်းတစ်မျိုးအတွက် လျှောက်လွှာတစ်ခုချင်းစီတင်ပြရမည်။

(စ) အကယ်၍မေးမြန်းစုံစမ်းသူတွင် HS Code နှင့်စပ်လျဉ်း၍ထင်မြင်ယူဆချက်ရှိပါကအကြောင်းအရင်းနှင့်တကွရှင်းလင်းဖော်ပြရမည်။

(ဆ) လျှောက်လွှာပုံစံတွင်နေရာမလုံလောက်ပါကသီးသန့်ပုံစံတစ်ခုတွင် ထပ်မံထည့်သွင်းလိုသည့်အချက်များအားရေးသားပြီး မူရင်းနှင့်ပူးတွဲ တင်ပြရမည်။

(ဓ) အလားတူပစ္စည်းကိုလျှောက်ထားမေးမြန်းခဲ့ဖူးပါက ယခင်က လျှောက်ထားခဲ့သည့်လျှောက်လွှာ (မိတ္တူ) ကိုတင်ပြရမည်။

၅။ လျှောက်ထားသူသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားသတ်မှတ်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်အထောက်အထားများကို သက်ဆိုင်ရာအကောက်ခွန်ရုံးက တောင်းခံလျှင် စတင်တောင်းခံသည့်နေ့မှ ၁၄ ရက်အတွင်း တင်ပြရ မည်။

၆။ အကောက်ခွန်ရုံးချုပ် သို့မဟုတ် နယ်မြေအကောက်ခွန်ရုံးသည် အပိုဒ်(၃) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လျှောက်လွှာတွင်ဖော်ပြထားသော အချက်အလက်များနှင့် အထောက်အထားစာရွက်စာတမ်းများပြည့်စုံမှု ရှိမရှိ စိစစ်ရမည်။

(ခ) လျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ပူးတွဲ တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများပြည့်စုံမှုမရှိလျှင်ဖြစ်စေ ၁၄ ရက်အတွင်း တင်ပြရန် လျှောက်ထားသူအားအကြောင်းကြားရမည်။

(ဂ) လျှောက်ထားသူကလျှောက်လွှာတွင်ပြည့်စုံစွာဖြည့်စွက်ခြင်း သို့မဟုတ် လိုအပ်သောစာရွက်စာတမ်းနှင့် အထောက်အထားများကို သတ်မှတ်ကာလအတွင်းတင်ပြခြင်းမရှိလျှင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ပေးရန် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

(ဃ) အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)သည်လျှောက်ထားချက်နှင့် လိုအပ်သောစာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ထုတ်ပေးရမည်။

(င) သက်ဆိုင်ရာ နယ်မြေအကောက်ခွန်ရုံးသည် မိမိ စိစစ်ထားသည့် ကြိုတင်သတ်မှတ် ချက်နှင့်တကွ လျှောက်ထားသူ၏လျှောက်လွှာ၊ စာရွက်စာတမ်းအထောက်အထားများကို အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ပေးပို့၍အတည်ပြုချက်ရယူပြီးမှသာလျှင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက်ကို ထုတ်ပြန်ပေးရမည်။

(စ) ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြည့်စုံသောလျှောက်လွှာနှင့် စာရွက်စာတမ်းအထောက်အထားများ လက်ခံရရှိသည့်နေ့မှ

ရက်ပေါင်း ၃၀ အတွင်း ထုတ်ပေးရမည်။ ရက်ပေါင်း ၃၀ ထက် ကြာမြင့်နိုင်သည့်ကိစ္စဖြစ်ပါက လျှောက်ထားသူအားအသိပေးအကြောင်းကြားရမည်။

၇။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) နှင့် သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ပေးရန် လျှောက်လွှာ၊ စာရွက်စာတမ်းအထောက်အထားများနှင့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက် မိတ္တူတို့ကို အကောက်ခွန်ဝန်ထမ်းများသိရှိကိုးကားအသုံးပြုနိုင်ရန် ခုနှစ်နှစ် ထိန်းသိမ်းထားရှိရမည်။ အဆိုပါ မှတ်တမ်းများကို အကောက်ခွန်ဦးစီးဌာန၏ Database တွင် Softcopy ဖြင့် ထည့်သွင်းသိမ်းဆည်းနိုင်ရန် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ကဆောင်ရွက်ရမည်။

၈။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သည်-

(က) အတည်ပြုပြီးသည့်ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို လျှောက်ထားသူ နှင့် သက်ဆိုင်ရာ အကောက်ခွန်ရုံးသို့ အကြောင်းပြန်ကြားရမည်။

(ခ) အောက်ဖော်ပြပါ လိုအပ်ချက်များအရ လျှောက်ထားသူကပြည်သူသို့အသိပေးခြင်းမပြုရန် တောင်းဆိုခဲ့လျှင် ရက်ပေါင်း ၁၈၀ ကျော်မှသာ အကောက်ခွန်ဦးစီးဌာန website တွင် ထုတ်ပြန်ရမည်-

(၁) လျှောက်ထားမေးမြန်းသော ကုန်ပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အခြားသူများသိရှိသွားပါက လျှောက်ထားသူကို ဖြစ်စေ၊ အကျိုးသက်ဆိုင်သူတစ်ဦးဦးကိုဖြစ်စေ ထိခိုက်နစ်နာမှုများဖြစ်ပေါ် နိုင်ခြင်း၊

(၂) လျှောက်ထားမေးမြန်းသော ကုန်ပစ္စည်းမှာ လုပ်ငန်းလိုအပ်ချက်အရ လျှို့ဝှက်ထားရမည့်ပစ္စည်းဖြစ်ခြင်း။

၉။ လျှောက်ထားသူသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းလိုပါက လျှောက်ထားသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၅ ရက်အတွင်း ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ရုပ်သိမ်းသည့်အခါ မည်သည့်အတွက် ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း အကြောင်းပြချက်ဖော်ပြရမည်။

## အခန်း(၃)

## ပြန်လည်သုံးသပ်ခြင်း

၁၀။ လျှောက်ထားသူသည် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သော Code အမှတ် (HS Code) နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင် ပြန်လည်သုံးသပ်ပေးရန် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့မဟုတ် သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားသည့်အခါ -

(က) ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းလျှောက်ထားရမည်။

(ခ) လျှောက်လွှာတွင် ပြန်ကြားချက်အမှတ် (Reply Reference No)၊ ပြန်လည်စစ်ဆေးပေးရမည့်ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ ၊ လျှောက်ထားသူ၏ ထင်မြင်ယူဆချက်၊ အကြောင်းပြချက် တို့ကို ဖော်ပြရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်မူရင်း နှင့် ခိုင်လုံသောအထောက်အထားတို့ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၁၁။ သက်ဆိုင်ရာ နယ်မြေအကောက်ခွန်ရုံးသည် အပိုဒ် (၁၀) အရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ တင်ပြရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်အပေါ် စိစစ်သုံးသပ်၍ သတ်မှတ်ထားသည့် Code အမှတ် (HS Code) ကို ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၁၃။ အကောက်ခွန်ဦးစီးဌာနသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အသိပေးအကြောင်းကြားရမည်။

၁၄။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက် နှင့်စပ်လျဉ်း၍ လျှောက်ထားချက်ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆုံးဖြတ်ပြန်ကြားနိုင်ရန် ဆောင်ရွက်ရမည်။

## အခန်း(၄)

## ပြင်ဆင်ခြင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်း

၁၅။ အကောက်ခွန်ဦးစီးဌာနသည်-

(က) ကမ္ဘာ့အကောက်ခွန်နှင့် အာဆီယံစည်းဝါးညီ အကောက်ခွန်နှုန်း အမည်ပေး စနစ်ပြင်ဆင်ခြင်းကြောင့်ဖြစ်စေ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူမှုလွဲမှားခြင်းကြောင့်ဖြစ်စေ ကုန်ပစ္စည်းအမျိုးအစား ခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ခြင်းပြုနိုင်သည်။

(ခ) ယင်းသို့ ပြင်ဆင်ခြင်းပြုလျှင် ပြင်ဆင်ရသည့် အကြောင်းအရင်းနှင့် ပြင်ဆင် သတ်မှတ်သည့် Code အမှတ် (HS Code) တို့ကို လျှောက်ထားသူထံ ပေးပို့ အကြောင်းကြားရမည့်အပြင် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ နှင့် သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ ပေးပို့ရမည်။

၁၆။ လျှောက်ထားသူသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ အကြောင်းကြားစာအား လက်ခံရရှိလျှင် မူလ သတ်မှတ်ချက်ကို သက်ဆိုင်ရာ အကောက်ခွန်ရုံးသို့ ပြန်လည်အပ်နှံရမည်။

## အခန်း(၅)

## သွင်းကုန်ကြေငြာလွှာတင်သွင်းချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁၇။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်မူရင်းကို သွင်းကုန်ကြေညာ လွှာတင်သွင်းချိန်တွင်ပူးတွဲတင်ပြရမည်။အဆိုပါ ကြိုတင်သတ်မှတ်ချက်ကို ယင်းသတ်မှတ် ချက်ထုတ်ပြန်သည့်နေ့မှ သုံးနှစ် အထိ ကိုးကားအသုံးပြုနိုင်သည်။

၁၈။ အကောက်ခွန်အရာရှိများသည် လျှောက်ထားသူမှ သွင်းကုန်ကြေငြာလွှာတင်သွင်းချိန် တွင် အောက်ပါအတိုင်းစိစစ် ဆောင်ရွက်ရမည်-

(က) သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသော ကုန်ပစ္စည်းဆိုင်ရာ အချက် အလက်များနှင့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ပါ ကုန်ပစ္စည်းဆိုင်ရာအချက်အလက်များကိုက်ညီမှု ရှိ/မရှိ စိစစ်ရမည်။

(ခ) မူလသတ်မှတ်ချက်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ အငြင်းပွားမှု ပေါ်ပေါက်ပါ က ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်။

(ဂ) သုံးနှစ် ကျော်လွန်နေသော ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင် သတ်မှတ်ချက်များကို လက်ခံစစ်ဆေးခြင်းမပြုရ။

**အခန်း(၆)**

**အထွေထွေ**

၁၉။ အောက်ပါကုန်ပစ္စည်းများအား ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်ရန် လျှောက်ထားလာပါက ဖြေကြားခြင်းပြုမည်မဟုတ်ပါ-

(က) သုံးနှစ် အတွင်း လျှောက်ထားဖြေကြားချက်နှင့် တစ်ထပ်တည်းတူညီသော ကုန်ပစ္စည်းများ၊

(ခ) အကောက်ခွန် Website တွင် ဖော်ပြထားသောကုန်ပစ္စည်းများ၊

(ဂ) လျှောက်ထားသူကုမ္ပဏီနှင့် အကောက်ခွန်ဦးစီးဌာနတို့အကြား အငြင်းပွားမှုရှိပြီး ပြီးပြတ်အောင်ဆောင်ရွက်မှုမရှိသေးသည့် ကုန်ပစ္စည်းများ၊

(ဃ) တည်ဆဲဥပဒေများအရတားမြစ်ပိတ်ပင်ထားသောကုန်ပစ္စည်းများ၊

၂၀။ ဤအမိန့်ကြော်ငြာစာသည်ထုတ်ပြန်သည့်နေ့မှစတင်၍အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

-------------------- ၀ ------------------

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁ (၇၆၂၅ / ၂၀၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)

(original)
*Form- CR- A-00001*

# The Republic of the Union of Myanmar
# Ministry of Finance
# Customs Department

## Application for Customs Ruling on Classification

ကုန်ပစ္စည်းအမျိုးအစားကြိုတင်သတ်မှတ်ခြင်းလျှောက်လွှာပုံစံ

Please fill up in English(or)Myanmar Language

အင်္ဂလိပ် (သို့) မြန်မာဘာသာ တစ်မျိုးဖြင့်သာဖြည့်သွင်းရန်

| | |
|---|---|
| To<br>သို့<br>Director of Export , Import Control Division<br>ညွှန်ကြားရေးမှူး ၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ<br>Customs Department, Yangon. ☐<br>အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရန်ကုန်<br>Township Customs Station / OSS ☐<br>မြို့နယ်အကောက်ခွန်ဦးစီးဌာန / OSS..........................<br>..........................................................<br>(Please mark in the box)<br>ကျေးဇူးပြု၍ လေးထောင့်ကွက်တွင် (✔) အမှတ်ခြစ်ပါ။ | *(official use only)*<br>ရုံးသုံးအတွက်သာ<br>*Registration No.* မှတ်ပုံတင်အမှတ် *Date*.................... ရက်စွဲ<br>*Reply Reference.* ပြန်ကြားချက်အမှတ် *Date*.................... ရက်စွဲ<br>*Reply by (Sig)*........................................<br>ပြန်ကြားသူ၏လက်မှတ် |

### I. Particulars of Applicant
လျှောက်ထားသူ၏ အချက်အလက်များ

(1) Name of Applicant:
လျှောက်ထားသူအမည်

(2) National Identification Card No/Passport No:
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ပတ်စ်ပို့နံပါတ်

(3) Position :
ရာထူး

(4) Company / Organization :
ကုမ္ပဏီ/အဖွဲ့အစည်း

(a) Name : ..........................................................
အမည်

(b) Company Registration No. : ..........................................................
ကုမ္ပဏီမှတ်ပုံတင်အမှတ်

(c) Address : ..........................................................
နေရပ်လိပ်စာ

(d) Phone No. : ..........................................................
ဖုန်းနံပါတ်

(e) Fax No. : ..........................................................
ဖက်စ်နံပါတ်

(f) Email Address : ..........................................................
အီးမေးလ်လိပ်စာ

### II. Supporting Documents
အထောက်အထားစာရွက်စာတမ်းများ

| Item:<br>ကုန်ပစ္စည်းအမျိုးအမည် | Page Reference :<br>ရည်ညွှန်းချက် |
|---|---|
| (1) Details of commercial arrangement and issue to be considered (Time Schedule of Shipment, Investment, long-termed contract,etc.,)<br>ကုန်သွယ်မှုဆိုင်ရာအစီအစဉ်နှင့် အသေးစိတ်ထည့်သွင်းစဉ်းစားရမည့်အချက်များ (သင်္ဘောတင်အချိန်ဇယား၊ ရင်းနှီးမြှုပ်နှံမှု၊ နှစ်ရှည်စာချုပ်စသည်) | |
| (2) Proposed HS Code( if any )<br>အဆိုပြု HS Code ( ရှိလျှင် ) | |
| (3) Other relevant documents ( if any )<br>အခြားစာရွက်စာတမ်းအထောက်အထားများ ( ရှိလျှင် ) | |

(4) Has a previous request/enquiry been made on the same or a similar arrangement?
ယခင်လျှောက်ထားခဲ့သည့် အချက်အလက်များနှင့်တူညီလျှင် ( သို့မဟုတ် ) အလားတူကိစ္စရပ်များ ရှိ/မရှိ

Please tick ( ✔ ): ☐ NO ☐ YES
(✔) ခြစ်ရန်

If yes, indicate the relevant reference.
အကယ်၍ရှိပါက သက်ဆိုင်သည့်ရည်ညွှန်းချက်များကိုဖော်ပြပါ။

Date : Reference no. :
ရက်စွဲ ရည်ညွှန်းချက်အမှတ်